ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန**
ညွှန်ကြားချက်အမှတ် ၅/၂၀၁၉
၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

## ဒေသဆိုင်ရာဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ရရှိထားသူများ လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက်

၁။ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ ပုဒ်မ ၁၁ ၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့အရ ခရီးသွားလုပ်ငန်းအရပ်ရပ်ကို ကြီးကြပ်ကွပ်ကဲရန်နှင့် လိုင်စင်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ပေးရန် တာဝန်ရှိသဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဥပဒေ ပုဒ်မ ၃၉ ၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဟိုတယ်နှင့်ခရီး သွားလာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ဒေသဆိုင်ရာဧ ့်လမ်းညွှန်လုပ်ငန်းလိုင်စင်ရရှိသူများ လိုက်နာရမ ့် လိုင်စင်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဤလိုင်စင်ဖြင့်ခွင့်ပြုသော လုပ်ငန်းကိုသာ လုပ်ကိုင်ရမည်။

(ခ) လိုင်စင်ကို အခြားသူအား လွှဲပြောင်းပေးခြင်း၊ရောင်းချခြင်း၊အပ်နှံခြင်းမပြုရ။

(ဂ) ပျက်ပြယ်သော လိုင်စင်ဖြင့် လုပ်ငန်းကို ဆက်လက် လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

(ဃ) နိုင်ငံတော်၏တည်ဆဲဥပဒေများအရ တားမြစ်ထားသည့် ပစ္စည်းများကို လက်ခံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်းမပြုရ။

(င) နိုင်ငံခြားငွေကြေးများကို ကိုင်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်းများအား တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(စ) လုပ်ငန်းဆောင်ရွက်နေချိန်အတွင်း လိုင်စင်ကဒ်ပြားအသေးကို သတ်မှတ်ချက် အတိုင်း ချိတ်ဆွဲရမည်။

(ဆ) ဒေသဆိုင်ရာဧည့်လမ်းညွှန်များသည် သတ်မှတ်ထားသည့် နယ်မြေဒေသ အတွင်းသာ လိုက်လံပြသရမည်။ ခွင့်ပြုခရီးစဉ်ဒေသများကိုသာ ဧည့်သ ်များ ကို လိုက်လံပို့ဆောင်ရမည်။

(ဇ) ခရီးစဉ်ဒေသရှိ ဒေသခံပြည်သူလူထု၏ အကျင့်စရိုက်၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာနှင့် လူနေမှုစနစ်များကို ပျက်ပြားထိခိုက်စေနိုင်သော အတွေးအခေါ် အပြုအမူများအား မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိဧည့်သည်များသော် လည်းကောင်း မပြုလုပ်စေရန် သတိပေးတားမြစ်ရမည်။

(ဈ) နိုင်ငံတော်၏တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဖောက်ဖျက် ကျူးလွန်ရန် အားပေးကူညီခြင်းမပြုရ။

(ည) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများအရ ဖွဲ့စည်းတာဝန်ပေး ထားသော စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခြင်းကို ခွင့်ပြုရမည်။

၃။ ဒေသဆိုင်ရာဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ရရှိထားသူများသည် လုပ်ငန်းဆောင်ရွက် ရာတွင် အောက်ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) လက်ခံထားသော ခရီးစဉ်တွင် ခရီးစဉ်တစ်လျှောက် အဆင်ပြေချောမွေ့စေရေး တာဝန်ယူဆောင်ရွက်ရမည်။

(ခ) အပိုဒ်ခွဲ (က) ပါခရီးစဉ်အတွက် ပြုလုပ်ထားသည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ အကြောင်းတစ်ခုခုကြောင့် အပြောင်းအလဲရှိလာပါက နိုင်ငံခြားခရီးသည်များ အဆင်ပြေစေရန် သက်ဆိုင်ရာခရီးသွားကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် ညှိနှိုင်း၍ စီစဉ် ဆောင်ရွက်ပေးရမည်။ထိုခရီးစဉ်ပြီးဆုံးသည့်အခါ အစီအစဉ်ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ မူလ စီစဉ်ပေးသူထံတွင် ရှင်းလင်းပေးရမည်။

(ဂ) ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီနှင့် ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ခရီးသွားလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့် စည်းကမ်းချက် များကို လိုက်နာရမည်။

(ဃ) ဒေသဆိုင်ရာဧည့်လမ်းညွှန် ငှားရမ်းခနှုန်းထားများကို သက်ဆိုင်သည့် ဒေသ ဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီနှင့် ဦးစီးဌာနသို့ ပေးပို့တင်ပြရမည်။

(င) အတည်ပြုထားသော ဧည့်လမ်းညွှန်ငှားရမ်းခနှုန်းထားများ အတိုင်းသာ ဝန်ဆောင်ခကို ရယူရမည်။

(စ) ဒေသဆိုင်ရာဧည့်လမ်းညွှန်လုပ်ငန်း ဆောင်ရွက်ချိန်အတွင်း မြန်မာ့ယဉ်ကျေးမှု နှင့်လျော်ညီသည့် ဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံကို သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ထားရမည်။

(ဆ) လုပ်ငန်းဆောင်ရွက်ချိန်အတွင်းထုတ်ပေးထားသော ကဒ်ပြားကိုသတ်မှတ်ချက် အတိုင်း တပ်ဆင်ရမည်။

(ဇ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
ခင်သန်းဝင်း၊ဒုတိယညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ က-၄၉(ထွေ)/ ၃၀၄၅
ရက်စွဲ၊ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၁ ရက်

ဖြန့်ဝေခြင်း
ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများအားလုံး
ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲများ)
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်

မိတ္တူကို
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ရုံးလက်ခံစာတွဲ
မျှောစာတွဲ